International Labour Organization

ILO brief

# အိုင်အယ်(လ်)အို၏ တင်ပြချက်အကျဉ်း

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ

## ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်ကာလ မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခြေအနေ - အလျင်အမြန် အကဲဖြတ်ခြင်း

### အဓိကအချက်များ

- ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်က အာဏာလွှဲပြောင်း ယူပြီး ၁၈ လ ကြာကာလတွင် မြန်မာနိုင်ငံသည် အလုပ်အကိုင် ဆုံးရှုံးမှုများနှင့် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်လိုအပ်မှု အနေအထား မြင့်မားလာခြင်းတို့နှင့် အလွန်အမင်းရင်ဆိုင်ကြုံတွေ့ နေရလျက် ရှိပါသည်။
- နောက်ဆုံးခန့်မှန်းချက်တစ်ရပ်တွင်၊ ၂၀၂၀ ခုနှစ်မှစပြီး အလုပ်လုပ်ကိုင်သည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ အလုပ်အကိုင် ၁.၁ သန်း နည်းပါးသွားကြောင်း အိုင်အယ်(လ်)အိုက ခန့်မှန်းထားပြီး၊ ယင်းက အလုပ်အကိုင် အခြေအနေ အနည်းငယ်ပြန်လည် ကောင်းမွန်လာသော်လည်း၊ ၂၀၂၀ခုနှစ် အချိန်ကာလထက် အဆင့်နိမ့်ကျလျက်ရှိကြောင်း ညွှန်ပြနေပါသည်။ [1] ခန့်မှန်းချက်အရ၊ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် အမျိုးသမီးများနှင့် အမျိုးသားများ ၁၉.၃ သန်း အလုပ် လုပ်ကိုင်လျက်ရှိကာ၊ ၂၀၂၁ ခုနှစ်တွင် ၁၈.၆ သန်းနှင့် ၂၀၂၀ ခုနှစ်တွင် ၂၀.၄ သန်း လုပ်ကိုင်လျက်ရှိကြောင်း နှိုင်းယှဉ်ဖော်ပြ ထားပါသည်။
- အမျိုးသမီးများ၏ အလုပ်အကိုင်ဆုံးရှုံးမှုသည် အမျိုးသားများထက် ပိုမိုမြင့်မားလျက် ရှိနေပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် စုစုပေါင်း အလုပ်အကိုင်သည် ၂၀၂၀ ခုနှစ်ကာလ ခန့်မှန်းချက် အဆင့်အောက် ၅.၄ ရာခိုင်နှုန်း နိမ့်ကျနေကြောင်းခန့်မှန်းထားပြီး၊ အမျိုးသမီး အလုပ်အကိုင်နှင့်စပ်လျဉ်းသည့် ဆက်စပ်ကိန်းဂဏန်း သည် ၆.၅ ရာခိုင်နှုန်းဖြစ်ပါသည်။
- အလုပ်အကိုင်အရည်အသွေးသည် ဆိုးရွားလှသည့် စိုးရိမ်ဖွယ်ရာ အခြေအနေတွင် ရှိနေပါသည်။ အိုင်အယ်(လ်)အို၏ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခြင်းဆိုင်ရာကော်မတီ၊ အိုင်အယ်(လ်)အို အုပ်ချုပ်ရေးအဖွဲ့နှင့်၊ ၂၀၂၁ ခုနှစ်တွင် ပြုလုပ်သည့် အပြည်ပြည် ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၏ ဆုံးဖြတ်ချက်များတွင် ရည်ညွှန်းဖော်ပြထား သည့်အတိုင်း အလုပ်သမား အခွင့်အရေးများ ဆိုးရွားစွာ ချိုးဖောက်ခံရခြင်းကြောင့် အလုပ်အကိုင် အခြေအနေများသည် အလုပ်သမားများစွာအဖို့ ခိုင်မာမှုမရှိပါ။
- ၂၀၂၁ ခုနှစ်တွင် လုပ်သားကုန်ထုတ်စွမ်းအားသည် ၈ ရာခိုင်နှုန်း နီးပါး ကျုံ့ဆင်းသွားပြီး၊ ၂၀၂၂ ခုနှစ်တွင် နောက်ထပ် ၂ ရာခိုင်နှုန်း ကျုံးဆင်းသွားကာ၊ စစ်တပ်ကအာဏာလွှဲပြောင်းယူမှု မတိုင်မီက ရရှိခဲ့ပြီး ဖြစ်သော ခိုင်မာသည့် အကျိုးအမြတ်များကို ပြောင်းပြန် ဖြစ်စေခဲ့ပါသည်။
- လက်ရှိအခြေအနေသည် အဓိကကျသည့် လုပ်ငန်းကဏ္ဍများမှ လုပ်ငန်းများနှင့် အလုပ်သမားများကို ထိခိုက်နစ်နာစေခဲ့ပါသည်။ အထည်ချုပ်လုပ်ငန်းတွင်၊ ကျပန်းအလုပ်လုပ်ကိုင်ရခြင်း သို့မဟုတ် နေ့စားအလုပ် လုပ်ကိုင်ရခြင်း၊ အလုပ်ချိန်များ ပုံမှန်မဟုတ်ခြင်းနှင့် အလုပ်သမားများအဖို့ နည်းပါးသည့် လုပ်အားခရရှိနေခြင်းများ အပါအဝင်၊ အလုပ်သမားများ အနေဖြင့် မသေချာ မရေရာသည့် အလုပ်အကိုင်များတွင် လုပ်ကိုင်နေရကြောင်း ဖော်ပြသည့် အစီ ရင်ခံစာများ ပိုမိုများပြားလာပါသည်။ အလုပ်သမားများ အလုပ် အကိုင်ရပ်စဲခံရသောအချိန်တွင် ပေးဆောင်ရမည့် အလုပ် ထုတ် နစ်နာကြေးကဲ့သို့သော အကျိုးခံစားခွင့်များ မပေးဆောင်ခြင်း များသည် လည်း မကြာခဏ ဖြစ်ပေါ်လျက် ရှိပါသည်။
- လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်၊ ဓာတ်မြေဩဇာ၊ လောင်စာဆီ များနှင့် တိရစ္ဆာန်အစာများအပါအဝင်၊ အဓိက သွင်းအားစုများ၏ သွင်းကုန် ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် လယ်သမား များ၏ အမှန်တကယ် ရရှိမည့်ဝင်ငွေသည် အခက်အခဲအကျပ် အတည်းနှင့် ကြုံတွေ့နေရပါသည်။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ပြန်လည် ကောင်းမွန်လာမှု အနေအထားသည် လည်း ယခုနှစ် ပထမပိုင်းကာလ တစ်လျှောက်တွင် အကန့်အသတ်ဖြင့်သာ ရှိနေပါသည်။
- လောင်စာဆီနှင့် စားသောက်ကုန်ဈေးနှုန်း မြင့်တက်လာခြင်းသည် စီးပွားရေးကို ပိုမိုဖိအားပေးကာ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ထိခိုက်စေလျက် ရှိပါသည်။

# ▶ နောက်ခံအကြောင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ်က အာဏာလွှဲပြောင်းယူပြီးနောက် ၁၈ လ ကြာကာလတွင် မြန်မာနိုင်ငံသည် မကြုံစဖူးဖြစ်သည့် အမျိုးမျိုးသော လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်း များကြားတွင်နှံနစ်လျက် ရှိနေပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ၏ ဆိုးကျိုးနှင့်အတူ၊ အဆက်မပြတ်ဖြစ်ပေါ်နေသော နိုင်ငံရေး ဝရုန်းသုန်းကား ဖြစ်ပေါ်မှုသည် စီးပွားရေးကို အကန့်အသတ် ဖြစ်စေခဲ့ပါသည်။ မြန်မာကျပ်ငွေ တန်ဘိုးကျဆင်းခြင်းနှင့် အခြေခံ လူသုံးကုန်ပစ္စည်း တန်ဖိုးများ လျင်မြန်စွာဖောင်းပွခြင်းများကြောင့် အကျပ်အတည်း ဖြစ်ပေါ်မှုကို ပိုမိုဆိုးရွားစေကာ၊ အိမ်ထောင်စုများ၏ ဝင်ငွေများကို ပိုမိုလျော့နည်းကျဆင်းစေပြီး ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးရွား စေပါသည်။

မြန်မာနိုင်ငံတွင် စစ်တပ်က အာဏာလွှဲပြောင်းယူသည့် အချိန်မှစ၍၊ လက်နက်ကိုင်ပဋိပက္ခ၊ အကြမ်းဖက်မှုနှင့် လုံခြုံမှုမရှိခြင်းကြောင့် နေရပ်စွန့်ခွာ ကြရသည့် ၇၀၀,၀၀၀ နီးပါးမျှသော အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်များ အပါအဝင်၊ ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်း နေရပ်စွန့်ခွာ သူဦးရေသည် ၁ သန်း ကျော်လွန် ခဲ့ပြီးဖြစ် ပါသည်။[2] ထို့အပြင်၊ အိုးမဲ့အိမ်မဲ့ဖြစ်ပြီးနောက် အိမ်နီးချင်း နိုင်ငံများတွင် ခိုလှုံခွင့်တောင်းခံသူ ၄၀,၂၀၀ ရှိကြောင်း ခန့်မှန်းထား ပါသည်။[3]

ကမ္ဘာ့စီးပွားရေးအခြေအနေ မတည်ငြိမ်မှုများနှင့် လူတစ်ဦးချင်းစီ အလိုက်အကြောင်းချက်များက အထောက်အကူပြုခြင်းအားဖြင့် စားသောက်ကုန်နှင့် လောင်စာဆီ ဈေးနှုန်းဖောင်းပွမှုကြောင့် မကြာ သေးမီလများတွင် အမှန်တကယ် ဝင်ငွေများနှင့် အိမ်ထောင်စု သက်သာချောင်ချိမှု အခြေအနေများသည် ကြီးမားသည့် ကန့်သတ်မှုများ အောက်တွင်ရှိနေပါသည်။ အထူးသဖြင့် နိုင်ငံ၏ အနောက်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေခြင်းနှင့် လုံခြုံရေးပျက်စီးယိုယွင်းမှုများကြောင့် ယင်းဒေသများရှိ ဈေးကွက်များသို့ လက်လှမ်းမမီနိုင်ခြင်း၊ သယ်ယူ ပို့ဆောင်ရေးလမ်းကြောင်းများ ပြတ်တောက်ခြင်း၊ အဓိက ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းများ မြင့်မားစေရန် တွန်းပို့သည့် အခြေအနေများကို ဖြစ်ပေါ်စေခဲ့ပါသည်။[4] ငွေကြေးမလုံလောက်မှုနှင့် ငွေကြေးလဲလှယ်မှုနှုန်းထားများ ကျဆင်း ခြင်းများက အခြေအနေကို ပိုမိုဆိုးရွားစေပါသည်။[5] ဧပြီလကုန်တွင်၊ အခြေခံစားသောက်ကုန်ဈေးခြင်းတောင်းအတွက် ပျမ်းမျှကုန်ကျ စရိတ် သည် အခြေခံအားဖြင့် တစ်နှစ်ပြီးတစ်နှစ် ၃၁ ရာခိုင်နှုန်းအထိ

[1] ၂၀၂၁ ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၁၈.၆ သန်းရှိကြောင်းနှင့် အလုပ်အကိုင် ၁.၈ သန်းဆုံးရှုံးမှုရှိသည်ဟူသော ခန့်မှန်းချက်များသည် ၂၀၂၂ ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၁၈.၉ သန်းရှိပြီး၊ အလုပ်အကိုင် ၁.၆ သန်း ဆုံးရှုံးသည်ဟူသော ယခင်ခန့်မှန်းချက်များကို ပြင်ဆင်ထားခြင်းများဖြစ်ပါသည်။ ပြင်ဆင်ချက်များသည် ခန့်မှန်းချက်ဆိုင်ရာ နည်းစနစ်များနှင့် ချိန်ညှိထားမှုအရဖြစ်ပြီး၊ ယခု ပြောင်းလဲနေသည့် အကြီးစားစီးပွားရေးအခြေအနေကို ထင်ဟပ်စေရန် ဈေးနှုန်းဖောင်းပွမှုနှင့် ပြည်ပကုန်သွယ်မှုတို့ပါဝင်ပြီး၊ ဤအကြောင်းအချက်များ၏ အလုပ်အကိုင်အပေါ် သက်ရောက်မှုကို အတိအလင်း ကိုင်စွဲဖော်ပြထားပါသည်။

[2] ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)၊ မြန်မာနိုင်ငံ လူသားချင်းစာနာမှုဆိုင်ရာ နောက်ဆုံးထုတ်ပြန်ချက် အမှတ်၊ ၁၈၊ ၂၀၂၂ ခုနှစ်၊ မေလ။

[3] OCHA, op. cit.

[4] ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ နောက်ဆုံးရ မြန်မာ့ဈေးကွက်ရှိ ကုန်ဈေးနှုန်းအခြေအနေ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ။

[5] ၂၀၂၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်၏ ပထမ ၉ လတွင် မြန်မာကျပ်ငွေသည် အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင် အားပျော့လာခဲ့ပြီး၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလကုန် အချိန်နှင့် နှိုင်းယှဉ်ပါက၊ ဇွန်လကုန်တွင် ၉ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကာ၊ ယခင်နှစ်က ယင်းအချိန်ကာလနှင့် နှိုင်းယှဉ်ပါက၊ ၂၃ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။ ကမ္ဘာ့ဘဏ်၏ *Myanmar Economic Monitor: Reforms reversed, July 2022* ကို ကြည့်ပါ။

မြင့်မားလာခဲ့ကာ၊ မေလဆန်းတွင် လောင်စာဆီ ဈေးနှုန်းများသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလထက် ၂ ဆခွဲနီးပါး မြင့်မားလာခဲ့ပါသည်။[6] ၂၀၂၂ ခုနှစ်တွင် လူဦးရေ၏ ၄၀ ရာခိုင်နှုန်း နီးပါးသည် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် ရှင်သန်နေထိုင်ကြရ ခြင်းကြောင့် ၂၀၂၁ ခုနှစ်၊ ခန့်မှန်းချက်အဆင့်နှင့် နှိုင်းယှဉ်ပါက၊ ဆင်းရဲနွမ်းပါးမှုသည် နှစ်ဆဖြစ်ကြောင်း သရုပ်သကန်များက ညွှန်ပြ နေပါသည်။[7]

မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဘိုး (GDP) သည် ၂၀၂၁ ခုနှစ်တွင် ၁၇.၉ ရာခိုင်နှုန်း ကျုံ့ဆင်းသွားပြီးနောက်၊ ၁.၆ ရာခိုင်နှုန်း ပြန်လည်တိုးတက်လာကာ၊ ၂၀၂၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် အနည်းငယ် ပြန်လည်ကောင်းမွန် လာမည် ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ခန့်မှန်းထားပါသည်။[8] အလားတူပင်၊ စစ်တပ်အာဏာ လွှဲပြောင်း ယူမှုနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်း၏ ရိုက်ခတ်မှုကြောင့် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဘိုးသည် ၂၀၂၁ ခုနှစ်တွင် ဆိုးရွားစွာ ကျုံ့ဆင်းသွားပြီးနောက်၊ ၂၀၂၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် ၃ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ကခန့်မှန်းထားပါသည်။[9] နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည်လည်း ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်၊ ပထမပိုင်းတွင် သိသိသာသာ ကျဆင်းသွားခဲ့ပါသည်။[10]

ဤရှင်းလင်းတင်ပြချက်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၊ စစ်တပ်က အာဏာလွှဲပြောင်းယူပြီးချိန်မှစပြီး၊ မြန်မာနိုင်ငံ၏ လုပ်သား ဈေးကွက်အား တတိယအကြိမ် အလျင်အမြန် အကဲဖြတ်ခြင်းဖြစ်ပြီး၊ တရားဝင်နှင့် တရားဝင်မဟုတ်သည့် တစ်နိုင်တစ်ပိုင်စီးပွားရေး လုပ်ငန်းများရှိ အလုပ်သမားများအပါအဝင် လုပ်သားအင်အား တစ်ရပ်လုံးနှင့် အကျုံးဝင်ပါသည်။[11] အကဲဖြတ်ချက်သည် ခန့်မှန်း ချက်ဆိုင်ရာ နည်းနစ်ကိုအခြေခံလျက်၊ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက် ကာလတစ်လျှောက် အလုပ်အကိုင် လမ်းကြောင်း များအား ပြင်ဆင်ထားသည့် ခန့်မှန်းချက်များကို ဖော်ပြထားလျက်၊

ယခင်အကဲဖြတ်ခြင်းများတွင်အသုံးပြုခဲ့သည့်

ချည်းကပ်မှုနည်း လမ်း နှင့်ကျယ်ကျယ်ပြန့်ပြန့် ကိုက်ညီမှုရှိကာ၊ ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားသည့် အကျပ်အတည်း ကာလအတွင်း လုပ်သားဈေးကွက် လမ်းကြောင်းများကို ခန့်မှန်းရန် အိုင်အယ်(လ်)အိုက အသုံးပြုခဲ့သည့် ယခင် နည်းစနစ်များကို ချဲ့ထွင် ထားပါသည်။[12] ယင်းသည် ဈေးနှုန်း ဖောင်းပွမှုများနှင့် ပြည်ပ ကုန်သွယ်မှုအပါအဝင်၊ အသေးစိတ် အခြေခံကျသော နိုင်ငံဖြစ်တစ်ဝှမ်း အညွှန်းကိန်းများ

[6] ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ op. cit. မြန်မာနိုင်ငံရှိ အခြေခံစားသောက်ကုန်ဈေးခြင်းတောင်းတွင် ပျမ်းမျှအိမ်ထောင်စု အရွယ်အစားအတွက် ချိန်ညှိထားသော ပမာဏရှိသည့် ဆန်၊ ဆီ၊ ကုလားပဲ၊ ဆားတို့ ပါဝင်ပါသည်။

[7] ကမ္ဘာ့ဘဏ်၊ တိုးတက်မှု၊ ဆုန်ယုတ်မှုများနှင့် မသေချာမရေရာမှုများ။ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုအပေါ် ကိုဗစ် - ၁၉ နှင့် စစ်တပ်ကအာဏာလွှဲပြောင်းယူမှု၏ အကျိုးသက်ရောက်မှုများ၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ။

[8] နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့စီးပွားရေးအခြေနေ ခန့်မှန်းချက်ဆိုင်ရာ အချက်အလက်များ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ။ မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးနှစ်သည် အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက် အထိ ဖြစ်ပါသည်။

[9] ကမ္ဘာ့ဘဏ်၊ မြန်မာနိုင်ငံ၏ စီးပွားရေးစောင့်ကြည့်လေ့လာခြင်း၊ *Reforms reversed,* op. cit: ကမ္ဘာ့ဘဏ်၊ နောက်ဆုံးရ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေး အခြေအနေ၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ။ *Braving the storms, 2022.*

[10] မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ မှတ်ပုံတင်ရေး ဦးစီးဌာနမှ ရရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို အခြေခံလျက်၊ အိုင်အယ်(လ်)အို၏ စိစစ်စိတ်ဖြာမှု။

[11] အိုင်အယ်(လ်)အို၊ ၂၀၂၁ ခုနှစ်၊ မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခြေအနေ၊ *အလျင်အမြန် အကဲဖြတ်ခြင်း၊* ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ။ အိုင်အယ်(လ်)အို၊ စစ်တပ်ကအာဏာ လွှဲပြောင်းယူပြီးချိန်မှစ၍ မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခြေအနေ၊ *သက်ရောက်မှုဆိုင်ရာ အလျင်အမြန် အကဲဖြတ်ခြင်း၊* ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ၊ ကို ကြည့်ပါ။

[12] ဥပမာ၊ အိုင်အယ်(လ်)အို၏ နောက်ဆက်တွဲ ဖော်ပြချက်ကို ကြည့်ပါ၊ *အိုင်အယ်(လ်)အို စောင့်ကြည့်လေ့လာမှု၊ ကိုဗစ် - ၁၉ ကပ်ရောဂါနှင့် အလုပ်အကိုင် ရပ်ဝန်း၊ အငှမအကြိမ် ပြင်ဆင်တည်းဖြတ်ခြင်း၊* ၂၀၂၁ ခုနှစ်။

အပေါ်တွင် ချမှတ်ထားသည့် ခိုင်မာပြီး လက်တွေ့ကျသော ဆက်ဆံရေးကို အသုံးပြုထားပါသည်။ ခန့်မှန်းချက်များနှင့် စိစစ်စိတ်ဖြာမှုများသည် ဆက်လက်ဖြစ်ပေါ်နေသည့် ရှုထောင့်အမျိုးမျိုးရှိသော အကျပ် အတည်း၏ မတည်ငြိမ်မှုကို အပြည့်အဝ ဆုပ်ကိုင်နိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ ယင်းကို ညွှန်းဆိုထားသည့်အတိုင်း အနက်အဓိပ္ပါယ် ပြန်ဆိုရန် လိုအပ်ပါသည်။

# ▶ အလုပ်အကိုင်အခြေအနေ

## ၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက၊ ၂၀၂၂ ခုနှစ်တွင် အလုပ်အကိုင်များ နိမ့်ကျလျက်ရှိနေခြင်း

မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ် အလုပ်လုပ်ကိုင်မှု အဆင့်နှင့်နှိုင်းယှဉ်ပါက၊ အမျိုးသမီးနှင့် အမျိုးသား အလုပ်သမားဦးရေ ၁.၁ သန်း လျော့နည်းသွားကြောင်း အိုင်အယ်(လ်)အိုက ခန့်မှန်းထားပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် အမျိုးသမီးနှင့် အမျိုးသား အလုပ်သမားဦးရေ ၁၉.၃ သန်း အလုပ်လုပ်ကိုင် လျက်ရှိ ကြောင်း ခန့်မှန်းထားပြီး၊ ယင်းသည် ၂၀၂၁ ခုနှစ်အတွက် ခန့်မှန်းထားသည့် အလုပ်လုပ်ကိုင်သူ ဦးရေ ၁၈.၆ သန်းနှင့် နှိုင်းယှဉ်ပါက၊ အသင့်အတင့် တိုးတက်မှုတစ်ခုဖြစ်ပါသည် (ပုံ ၁)။ အလုပ်ထဲတွင် အလုပ် လုပ်ကိုင်သည့် အသက်အရွယ်ရှိလူဦးရေသည် စစ်တပ်အာဏာ လွှဲပြောင်း မယူမီအချိန်က လူဦးရေအဆင့်များထက် နိမ့်ကျလျက် ရှိနေဆဲဖြစ်သည်။ ၂၀၂၀ ခုနှစ်အချိန်ကာလနှင့် နှိုင်းယှဉ်ပါက၊ ၂၀၂၁ ခုနှစ်တွင် အလုပ်အကိုင်ပေါင်း ၁.၈ သန်း ဆုံးရှုံးသွားကြောင်းနှင့်၊ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင် အလုပ်အကိုင်အခြေအနေသည် ၂၀၂၀ ခုနှစ် အချိန်ကာလရှိ အလုပ်အကိုင်အဆင့်အောက် ၁.၁ သန်း လျော့နည်းလျက်ရှိနေဆဲ ဖြစ်ကြောင်း အိုင်အယ်(လ်)အိုက ခန့်မှန်း ထားပါသည်။[13] မသေချာမရေရာမှုများ ဆက်လက်ဖြစ်ပေါ်နေ သော်လည်း၊ ၂၀၂၁ ခုနှစ်လယ်ပိုင်း အချိန်ကာလနှင့် နှိုင်းယှဉ်ပါက၊ အလုပ်အကိုင်များ အသင့်အတင့်ပြန်လည် ကောင်းမွန်လာခြင်းသည် ယခုနှစ် အစောပိုင်းတွင် အလုပ်အကိုင်ဝန်းကျင် အနည်းငယ်ပြန်လည် တည်ငြိမ်လာခြင်း၊ လုပ်ငန်းများကို စွမ်းဆောင်ရည် ပြည့်ဝစွာဖြင့် ပိုမိုလုပ်ကိုင်လာခြင်း၊ အလုပ်ထုတ်ပယ်ခြင်း၊ လုပ်အားခနှင့် အလုပ်ချိန်လျှော့ချခြင်းများအပေါ် မှီခိုအား ထားပြုမှု လျော့နည်းသွား ခြင်းတို့နှင့် တိုက်ဆိုင်ပါသည်။[14]

## အလုပ်အကိုင်တွင် တစ်ဖက်စောင်းနင်းဖြစ်သော ရိုက်ခတ်မှုများ

စစ်တပ်က အာဏာလွှဲပြောင်းယူပြီးနောက်တွင် အကန့်အသတ်ရှိသော အလုပ်အကိုင်အခွင့်အလမ်းများသည် မြို့ပြနှင့် ဝင်ငွေမြင့်မားသည့် အိမ်ထောင်စုများမှ အလုပ်သမားများအကြားတွင် အချိုးအစား မညီမျှစွာဖြင့် တစ်နေရာတည်းတွင် စုစည်းနေကြောင်း စစ်တမ်း အထောက်အထားများက ညွှန်ပြနေပါသည်။[15] အလုပ်အကိုင် အခြေအနေ ပြန်လည်ကောင်းမွန်လာမှု နှေးကွေးခြင်း၊ အလုပ်အကိုင် အလားအလာ ထိခိုက်လွယ်မှုအနေအထားနှင့် လုံခြုံရေး အနေအထား စိုးရိမ်ဖွယ်ရာဖြစ်ခြင်းတို့ကြောင့်

---

[13] ၂၀၂၁ ခုနှစ်အတွက် အလုပ်အကိုင်ဆိုင်ရာ ခန့်မှန်းချက်များသည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် အိုင်အယ်(လ်)အို၏ ယခင်အလုပ်အကိုင်ဆိုင်ရာ ခန့်မှန်းချက်များကို ပြင်ဆင်ထားခြင်းများဖြစ်သည်။ နောက်ထပ် ဆွေးနွေးမှုများအတွက် foot note 1 ကို ကြည့်ပါ။

[14] ကမ္ဘာ့ဘဏ်၊ *မြန်မာနိုင်ငံရှိ ကုမ္ပဏီများအား စောင့်ကြည့်လေ့လာရေး စစ်တမ်း၊ ၁၁ ကြိမ်၊* ၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်။

[15] ကုလသမဂ္ဂ အမျိုးသမီးကဏ္ဍနှင့် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ *ကျား၊ မ တန်းတူညီမျှမှုကို ဆုတ်ယုတ်စေခြင်း - အမျိုးသမီးများသည် ကပ်ရောဂါနှင့် စစ်အုပ်ချုပ်မှုအောက်တွင် နေထိုင်သက်ရှင်နေရခြင်း၊* ၂၀၂၂ ခုနှစ်။

အချို့သော ရွှေ့ပြောင်း နေထိုင်သူများသည် ဖမ်းဆီးချုပ်နှောင်ခြင်း နှင့် ခေါင်းပုံဖြတ်ခံရနိုင်သည့်အန္တရာယ်များ မြင့်မားနေလင့်ကစား၊ အလုပ်အကိုင် ရရှိရေးအတွက် တရားမဝင်သည့် လမ်းကြောင်းများ အပါအဝင် နယ်စပ်ဖြတ်ကျော်ကာ အလုပ်အကိုင်များဆက်လက် ရှာဖွေလျက်ရှိနေပါသည်။[16] ကျား၊ မ ကွဲပြားမှုအပေါ် မညီမျှသည့် ရိုက်ခတ်မှုများလည်း ရှိပါသည်။ ယေဘုယျအားဖြင့် ၂၀၂၁ ခုနှစ်တွင် အလုပ်သမား ၁.၈ သန်း၏ အလုပ်အကိုင်ဆုံးရှုံးမှုသည် အလုပ်အကိုင် ၈.၉ ရာခိုင်နှုန်း ကျုံ့ဆင်းသွားခြင်းဖြစ်သော်လည်း၊ အမျိုးသမီး အလုပ်သမားများကိုသာ အလေးထားအာရုံစိုက်မည်ဆိုပါ၊ ၁၀.၂ ရာခိုင်နှုန်းဆုံးရှုံးမည်ဟု ဤအစီရင်ခံစာက ခန့်မှန်းထားပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်တွင်လည်း အမျိုးသမီး အလုပ်အကိုင်နှင့် စပ်လျဉ်းသည့် ဆက်စပ်ရာ ကိန်းဂဏန်းသည် ၆.၅ ရာခိုင်နှုန်း ဖြစ်သော်လည်း၊ စုစုပေါင်းအလုပ်အကိုင်သည် ၂၀၂၀ ခုနှစ်အတွက် ခန့်မှန်းထားခဲ့သည် အဆင့်အောက် ၅.၄ ရာခိုင်နှုန်း နိမ့်ကျနေဆဲပင် ဖြစ်ပါသည်။

**► ပုံ ၁။ မြန်မာနိုင်ငံ၏ နှစ်အလိုက် စုစုပေါင်းမှုအလုပ်အကိုင်**
(အရေအတွက် သန်းဂဏန်းဖြင့် ဖော်ပြသည်)




**မှတ်ချက်။** ၂၀၂၂ ခုနှစ်သည် ယခုနှစ်၏ ပထမ ၆ လတာ ကာလကို ရည်ညွှန်းသည်။ ခန့်မှန်းချက်ဆိုင်ရာ နည်းစနစ်နှင့်စပ်လျဉ်း၍၊ အသေးစိတ်သိရှိလိုပါက၊ နောက်ဆက်တွဲဖော်ပြချက်ကို ကြည့်ပါ။

**ရင်းမြစ်။** အိုင်အယ်(လ်)အို၏ ခန့်မှန်းချက်များသည် မြန်မာနိုင်ငံ လုပ်သားစစ်တမ်းနှင့် အိုင်အယ်(လ်)အို၏ ILOSTAT အချက်အလက်များကို အခြေခံပါသည်။

[16] A. Tun၊ *မြန်မာနိုင်ငံတွင် စစ်တပ်အာဏာလွှဲပြောင်းယူပြီးနောက် ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၊ တိုင်းပြည်၏အနာဂတ်ကို ပုံဖော်ရာတွင် အရေးကြီးသည့် အဆုံးအဖြတ်တစ်ခု ဖြစ်ပါသလား။* ၂၀၂၂ ခုနှစ်၊ ဧပြီလ၊ ၁၃ ရက်။ ILO, *TRIANGLE in ASEAN Quarterly Briefing Note: Myanmar(January – March 2022),* 2022.

# ▶ အလုပ်အကိုင်အရည်အသွေးများ ယိုယွင်းလာခြင်း

အိုင်အယ်(လ်)အို၏ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ကော်မတီ [17] ၏ ဆုံးဖြတ်ချက်များ၊ အိုင်အယ်(လ်)အို အုပ်ချုပ်ရေးအဖွဲ့သို့တင်သွင်းသည့်အစီရင်ခံစာများနှင့် အုပ်ချုပ်ရေးအဖွဲ့ [18] ၏ ဆုံးဖြတ်ချက်များတွင် ရည်ညွှန်းထားသည့်အတိုင်း၊ အလုပ်သမား အခွင့်အရေးများ ဆိုးရွားစွာချိုးဖောက်ခြင်းကြောင့် မြန်မာနိုင်ငံရှိ အလုပ်သမားအများအပြားသည် ဆိုးရွားလှသည့် အလုပ်အကိုင် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရလျက် ရှိပါသည်။ ၂၀၂၁ ခုနှစ်တွင် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမား ရေးရာညီလာခံ၏ ဆုံးဖြတ်ချက်တွင် ပြဌာန်းချက် အမှတ် ၈၇ ကို လေးစားလိုက်နာရန်၊ အလုပ်သမားများအနေဖြင့် အကြမ်းဖက်မှုနှင့် မတရားဖမ်းဆီးချုပ်နှောင်ခံရခြင်းမရှိဘဲလျက် လွတ်လပ်မှုနှင့် လုံခြုံမှု ပြည့်ဝစွာဖြင့် လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခွင့်ကို သေချာစွာ ဆောင်ရွက်နိုင်စေရန် မြန်မာနိုင်ငံအား တောင်းဆို ထားပါသည်။[19]

## ၂၀၂၂ ခုနှစ်၊ အစောပိုင်းတွင် လုပ်သား ကုန်ထုတ်စွမ်းအား ပိုမိုဆိုးရွားလာခြင်း

**▶ ပုံ ၂။ မြန်မာနိုင်ငံ၏ ပျမ်းမျှ လုပ်သား ကုန်ထုတ်စွမ်းအား**
(၂၀၁၅/၂၀၁၆ တွင် ပုံသေဖြစ်သော ဈေးနှုန်း၊ ထရီလီယမ် ပမာဏဖြင့် ဖော်ပြသောကျပ်ငွေ)




**မှတ်ချက်။** ၂၀၂၂ ခုနှစ်သည် ယခုနှစ်၏ ပထမ ၆ လတာ ကာလကို ရည်ညွှန်းသည်။ လုပ်သားကုန်ထုတ်စွမ်းအားကို အလုပ်သမား တစ်ဦး၏ တစ်မိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ပကတိတန်ဘိုးဖြင့် တိုင်းတာပါသည်။ ခန့်မှန်းချက်ဆိုင်ရာ နည်းစနစ်နှင့်ပတ်သက်ပြီး အသေးစိတ်သိရှိလိုပါက၊ နောက်ဆက်တွဲ ဖော်ပြချက်ကို ကြည့်ပါ။

**ရင်းမြစ်။** အိုင်အယ်(လ်)အို၏ ခန့်မှန်းချက်များသည် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ပြုလုပ်သည့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ကမ္ဘာ့စီးပွားရေးဆိုင်ရာ ခန့်မှန်းချက်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား စစ်တမ်းနှင့် အိုင်အယ်(လ်)အို၏ ILOSTAT အချက်အလက်များကို အခြေခံပါသည်။

[17] အိုင်အယ်(လ်)အို၊ *လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ကော်မတီ၏ ၃၉၇ ကြိမ်မြောက် အစီရင်ခံစာ၊* အုပ်ချုပ်ရေးအဖွဲ့ 344/INS/15/1 (၂၀၂၂)၊ စာပိုဒ် ၅၀၃ - ၅၈၄။

[18] အိုင်အယ်(လ်)အို၊ *ဒုတိယအကြိမ် နောက်ဆက်တွဲအစီရင်ခံစာ၊ မြန်မာနိုင်ငံ၏ တိုးတက်မှုဆိုင်ရာ အစီရင်ခံစာ၊ ညွှန်ကြားရေးမှူးချုပ်၏ အစီရင်ခံစာ၊* အုပ်ချုပ်ရေးအဖွဲ့ 345/INS/5/2/ ဆုံးဖြတ်ချက် (၂၀၂၂)။

[19] အိုင်အယ်(လ်)အို၊ *မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဆီသို့ ပြန်လည်ဦးတည်ရေးနှင့် အခြေခံအခွင့်အရေးများအား လေးစားလိုက်နာရေးဆိုင်ရာ ဆုံးဖြတ်ချက်၊* အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၊ ၁၀၉ ကြိမ်မြောက် အစည်းအဝေး၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်။

၂၀၂၁ ခုနှစ်တွင်၊ လုပ်သားကုန်ထုတ်စွမ်းအားသည် ၈ ရာခိုင်နှုန်းနီးပါး ကျုံ့ဆင်းသွားခဲ့ပြီး၊ ၂၀၂၂ ခုနှစ်တွင် နောက်ထပ် ၂ ရာခိုင်နှုန်း ထပ်မံ ကျုံ့ဆင်းသွားခဲ့ကာ၊ အိမ်ထောင်စုများစွာအတွက် စီးပွားရေး အခြေအနေများ တိုးတက်စေခဲ့သော စစ်တပ်အာဏာလွှဲပြောင်းယူမှု မတိုင်မီနှစ်များက ရရှိခဲ့သည့် ခိုင်မာသော အကျိုးအမြတ်များကို ပြောင်းပြန်ဖြစ်စေခဲ့ ပါသည် (ပုံ ၂)။ လုပ်သားကုန်ထုတ်စွမ်းအား ကျဆင်းမှုသည် အကျိုးဖြစ်ထွန်းစေသည့် အလုပ်အကိုင် အခွင့်အလမ်း များမရှိခြင်း၊ အလုပ်သမားများအဖို့ ရွေးချယ်စရာမရှိဘဲ ညံ့ဖျင်းလှ သည့် အလုပ်အကိုင်အခြေအနေများနှင့် နည်းပါးလှသည့် လုပ်ခ လစာတို့ဖြင့် တရားမဝင်အလုပ်သမားများအဖြစ်၊ လယ်ယာ စိုက်ပျိုးရေး သို့မဟုတ် လက်လီရောင်းချသည့် လုပ်ငန်းများ ကဲ့သို့သော ကုန်ထုတ်စွမ်းအား နည်းပါးသည့် လုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်နေရခြင်းများကြောင့် ကြီးကြီးမားမား ဖြစ်နိုင်ဖွယ်ရာ ရှိပါသည်။

## အဓိကလုပ်ငန်းကဏ္ဍများတွင် အလုပ်အကိုင် အခြေအနေများ ကျဆင်းလာခြင်း

နိုင်ငံရေးပဋိပက္ခနှင့် စီးပွားရေး မသေချာမရေရာမှုများသည် အရေး ပါသည့် လုပ်ငန်းကဏ္ဍများရှိ လုပ်ငန်းများနှင့် အလုပ်သမား များကို စိတ်သောကရောက်စေပါသည်။ ၂၀၂၀ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံရှိလုပ်သားထု၏ ထက်ဝက်မျှ အလုပ် လုပ်ကိုင်လျက် ရှိသော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင်၊ ဓာတ်မြေ သြဇာ၊ လောင်စာဆီများနှင့် တိရစ္ဆာန်အစာများအပါအဝင်၊ အဓိက သွင်းအားစုများ၏ သွင်းကုန်စျေးနှုန်းများ မြင့်တက်လာခြင်းကြောင့် လယ်သမားများ၏ အမှန်တကယ် ရရှိမည့်ဝင်ငွေသည် အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့နေရပါသည်။ ယင်းသည် ရုရှား - ယူကရိန်း ပဋိပက္ခဖြစ်မှုနှင့် သိသာထင်ရှားသည့် နိုင်ငံသုံးငွေကြေး တန်ဘိုးကျဆင်းခြင်းများကြောင့်ဖြစ်ပေါ်သည့် ကမ္ဘာ့ရောင်းလိုအား ကန့်သတ်ချက်အခြေအနေများကို ထင်ဟပ်စေပါသည်။[20] သို့ဖြစ်၍၊ အလုပ်သမားများအဖို့ သွင်းအားစုများ ကုန်ဈေးနှုန်း မြင့်မားခြင်း ကြောင့်သာမဟုတ်ဘဲ၊ ငွေအရင်းအနှီး အလုံအလောက် မရရှိနိုင်ခြင်း ကြောင့်လည်း ထုတ်ကုန်များ အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ရခြင်းကြောင့် ၂၀၂၂ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် လယ်ယာ စိုက်ပျိုးရေးကဏ္ဍသည် ၂.၉ ရာခိုင်နှုန်း ကျုံ့ဆင်းသွားခဲ့ပါသည်။[21]

အလားတူပင်၊ အထည်ချုပ်လုပ်ငန်းကဏ္ဍတွင်လည်း၊ အိမ်သို့ အသားတင်ပြန်ပို့သည့်ငွေပမာဏ၊ အချိန်ပိုကြေးနှင့် ရက်မှန် ကြေးများ လျော့နည်းသွားခြင်းနှင့်အတူ၊ ကျပန်းအလုပ်သမား သို့မဟုတ် နေ့စားအလုပ်သမား ခိုင်းစေအသုံးပြုမှု များပြားလာခြင်း၊ အလုပ်ချိန်များ ပုံမှန်မဟုတ်ခြင်းနှင့် ပုတ်ပြတ်စနစ်မဖြင့် ခိုင်းစေခြင်း များအပါအဝင်၊ အထည်ချုပ်အလုပ်သမားများအနေဖြင့် ပိုမို ဆိုးရွားလာသည့် အလုပ်အကိုင်အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့ နေရကြောင်း အထောက်အထားများက ဖော်ပြနေပါသည်။[22]

၂၀၂၂ ခုနှစ်၊ အစောပိုင်းကာလတစ်လျှောက်တွင် ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းကဏ္ဍသည် နယ်စပ်ဒေသများ ဆက်လက်ပိတ်ထားခြင်း၊ နိုင်ငံရေး မတည်ငြိမ်မှုများ၊ လုံခြုံရေးဆိုင်ရာ အန္တရာယ်ရှိနိုင်ခြေများ မြင့်မားခြင်းတို့ကြောင့် ပြန်လည်ကောင်းမွန်လာမှု အနည်းဆုံးအခြေ အနေတွင်ရှိနေပြီး၊ ကျဆင်းလက်ရှိနေကြောင်း ပြသနေပါသည်။ ယခုနှစ်၊ ပထမ ၃ လတာ ကာလအတွင်း၊ နိုင်ငံခြားခရီးသွားဧည့်သည်

[20] ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ op. cit

[21] အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ *အာရှဖွံ့ဖြိုးတိုးတက်ရေး အလားအလာခန့်မှန်းချက်၊ ၂၀၂၂*၊ ၂၀၂၂ ခုနှစ်၊ ဧပြီလ။

[22] EuroCham Myanmar၊ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍဆိုင်ရာ အချက်အလက်စာရွက်၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ။

အရေအတွက်သည် ၂၀၁၉ ခုနှစ်ရှိ အဆင့်များအောက် ၉၉ ရာခိုင်နှုန်း ဝန်းကျင် ကျဆင်းသွားခဲ့ပါသည် (ပုံ ၃ ကို ကြည့်ပါ)။ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရန်အတွက်၊ မြန်မာနိုင်ငံသည် နိုင်ငံတကာ လေကြောင်းခရီးစဉ်များ ပိတ်ပင်မှုကို ဧပြီလတွင် ရုပ်သိမ်းခဲ့ပြီး၊ နှစ်နှစ်တာ ရပ်ဆိုင်းထားခဲ့ပြီးနောက် ခရီးသွားဗီဇာများကို မေလတွင် ပြန်လည်ထုတ်ပေးခဲ့သည်။ ဤလက်တလော တိုးတက်မှုများ ရှိသော်လည်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍရှိ လုပ်ငန်းများနှင့် အလုပ်သမားများ ပြန်လည်ဦးမော့လာမှုသည် နှေးကွေးဖွယ်ရာ ရှိနေ ပါသည်။ နိုင်ငံတကာ ဆိုက်ရောက်မှုတွင် ထိပ်တန်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံမှ နိုင်ငံတကာထွက်ခွာသွားလာမှုသည် အကန့်အသတ်ဖြင့် ရှိနေသေးပြီး၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာ အခြေအနေများကြောင့် မြန်မာနိုင်ငံသို့ ခရီးသွားလာခြင်းကို ရှောင်ရှား ရန် နိုင်ငံအများအပြားက တရားဝင်အကြံပြုချက်များ ထုတ်ပြန်ထား ပါသည်။

အလုပ်သမားများ အလုပ်အကိုင်ဆုံးရှုံးသောအခါ၊ အလုပ်ရပ်စဲခြင်း ဆိုင်ရာ အကျိုးခံစားခွင့်များကို အလုပ်မားများအား ပေးဆောင်ခြင်း မရှိပါ။ ၂၀၂၀ ခုနှစ် ကတည်းကစပြီး၊ အလုပ်ရှင်များ၏ အလုပ်ရပ်စဲမှု ခံရသည့် အလုပ်သမားများအနက်၊ ၄၂ ရာခိုင်နှုန်းသည် ကြိုတင် အကြောင်းကြားစာ (နို့တစ်စာ) မပေးဘဲ အလုပ်ထုတ်ပယ်ခံခဲ့ကြရ ပါသည်။ [23] အလုပ်ရပ်စဲခံရသည့် အလုပ်သမားအများအပြားသည် အလုပ်ထုတ်နစ်နာကြေးမရရှိသလို၊ ခွင့်ရက်မယူသည့် လုပ်သက်ခွင့် ဆိုင်ရာ အခကြေးငွေလည်း မရရှိကြောင်း အိုင်အယ်(လ်)အိုစစ်တမ်း အချက်အလက်များက ဖော်ပြနေပါသည်။ စစ်တမ်းကောက်ယူရာတွင် ပြန်လည်ဖြေကြားသူများထဲမှ ၃ ပုံ ၂ ပုံက အလုပ်လုပ်ရက်နှင့် အချိန်နပို နာရီများ လျှော့ချသဖြင့် ဝင်ငွေများလျော့နည်းသွားခြင်းကြောင့် ၎င်းတို့၏ အသက်မွေးမှုအပေါ် ဖိအားများရှိနေကြောင်းကိုလည်း စစ်တမ်းက ဖော်ပြထားပါသည်။

▶ **ပုံ ၃။ နိုင်ငံတကာ ခရီးသွားများ ဆိုက်ရောက်မှု ကျဆင်းသွားခြင်း** (၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ရာတွင် ရာခိုင်နှုန်းပြောင်းလဲမှု)




**မှတ်ချက်။** ၂၀၂၂ ခုနှစ်သည် ယခုနှစ်၏ ပထမ ၆ လတာ ကာလကို ရည်ညွှန်းသည်။ လေကြောင်း၊ အပျော်စီးသင်္ဘောများနှင့် ကုန်လမ်း နယ်စပ်ဂိတ်များမှတစ်ဆင့် ဗီဇာဖြင့် ရောက်ရှိလာသူများပါဝင်သည်။ ကိန်းဂဏန်း အချက်အလက်များသည် ၂၀၁၉ ခုနှစ်ရှိ အလားတူ အချိန်ကာလနှင့် နှိုင်းယှဉ်ရာတွင် နှစ်အလိုက်ကျဆင်းလာမှုများကို အခြေခံ ပါသည်။

**ရင်းမြစ်။** အိုင်အယ်(လ်)အို၏ ခန့်မှန်းချက်များသည် မြန်မာနိုင်ငံ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနမှရရှိသော အချက် အလက်များကို အခြေခံပါသည်။

[23] အိုင်အယ်(လ်)အို၊ *ရှင်းလင်းဖော်ပြချက်အစီရင်ခံစာ၊ မြန်မာနိုင်ငံတွင် အကျပ်အတည်းဖြစ်ပေါ်သည့်အချိန်ကာလတွင် အလုပ်လက်မဲ့ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သုတေသနစစ်တမ်း*၊ မကြာမီထုတ်ပြန်မည်။

## နိဂုံး

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့၊ စစ်တပ်က အာဏာလွှဲပြောင်းယူပြီး ၁၁ လ အကြာနှင့် ကပ်ရောဂါဖြစ်ပွားမှု ၂ နှစ်ကျော်ပြီးနောက်တွင် မြန်မာနိုင်ငံသည် စီးပွားရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှု ဆိုင်ရာ အကျပ်အတည်းနှင့် အလွန်အမင်း ရင်ဆိုင်ကြုံတွေ့ရလျက်ရှိ ပါသည်။ ကမ္ဘာ့အကြီးစားစီးပွားရေးလုပ်ငန်းများ မတည်ငြိမ်မှုသည် ပဋိပက္ခနှင့် မလုံခြုံမှုကြောင့် အလွန်အမင်း ထိခိုက်ခံရပြီးဖြစ်သော အသက်မွေးမှုများအပေါ် ရိုက်ခတ်မှုများကိုလည်း ပိုမိုဆိုးရွား စေခဲ့ပါသည်။ အလုပ်အကိုင်အဆင့်များသည်လည်း ပြန်လည် ကောင်းမွန်သည့် လက္ခဏာအချို့ ပြသနေလင့်ကစား၊ ၂၀၂၀ ခုနှစ် အချိန်ကာလအဆင့်များထက် သိသိသာသာ နိမ့်ကျလျက်ရှိပြီး၊ လုပ်သားကုန်ထုတ်စွမ်းအားသည်လည်း ဆက်လက် ကျဆင်းလျက် ရှိနေပါသည်။

မရေရာမသေချာသည့် အလုပ်အကိုင်များတွင် လုပ်ကိုင်နေကြရသည့် အလုပ်သမားအရေအတွက် များပြားလာခြင်းကြောင့် အလုပ်အကိုင် အရည်အသွေးသည်လည်း ဆိုးဆိုးရွားရွား ခြိမ်းခြောက်ခံရသည့် အခြေအနေအောက်တွင် ရှိနေပါသည်။ ထို့အပြင်၊ လတ်တလော ထုတ်ပြန်သည့် အိုင်အယ်(လ်)အို အစီရင်ခံစာတွင် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှု ကြုံတွေ့ခံစားနေရသည့် နိုင်ငံများတွင် ကလေး အလုပ်သမားခိုင်းစေမှု ဖြစ်ပွားမှုပမာဏသည် တစ်ကမ္ဘာလုံး အတိုင်းအတာထက် ၇၇ ရာခိုင်နှုန်းမြင့်မားလျက်ရှိပြီး၊ ဘေးအန္တရာယ် ရှိသော အလုပ်တွင် လုပ်ကိုင်ရသည့် ပမာဏသည် ၅၀ ရာခိုင်နှုန်း မြင့်မားလျက်ရှိကြောင်း ခန့်မှန်းထားပါသည်။ [24] ဤအချက်က မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည်လည်း ကလေးအလုပ်သမား ခိုင်းစေမှု အခြေအနေကို ပိုမိုဆိုးရွားစေမည့် အနေအထား တွင်ရှိ ပါသည်။

ဒီမိုကရေစီစနစ် ကင်းမဲ့ခြင်းနှင့် လုပ်သားဈေးကွက်ဆိုင်ရာ ကိစ္စရပ်များကို ကုစားဖြေရှင်းမည့် အပြန်အလှန်ဆွေးနွေးပြောဆိုမှု အပေါ် နောက်ဆက်တွဲ ရိုက်ခတ်မှုများသည် သင့်လျော် ကောင်းမွန်သော အလုပ်အကိုင် တိုးတက်ဖြစ်ထွန်းရေး ဆောင်ရွက်ရာတွင် အဓိကကျသည့် ခြိမ်းခြောက်မှု တစ်ရပ်အနေဖြင့် ရှိနေပါသည်။ အိုင်အယ်(လ်)အို အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက် များနှင့် ၂၀၂၁ ခုနှစ်တွင် ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံ၏ ဆုံးဖြတ်ချက်များတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အတိုင်း ဒီမိုကရေစီစနစ်နှင့် အရပ်သား အုပ်ချုပ်ရေး ပြန်လည် ထူထောင်ရေးသည် ဤကြီးမား လှသည့် အကျပ်အတည်းကို ဖြေရှင်းရာတွင် အလွန်အရေးပါသည့် အနေ အထားတွင် ရှိနေပါသည်။[25]

## နောက်ဆက်တွဲဖော်ပြချက် - နည်းစနစ်

ဤရှင်းလင်းတင်ပြချက်သည် ၂၀၁၇ - ၂၀၂၂ အတွင်း မြန်မာနိုင်ငံရှိ အလုပ်အကိုင်ဆိုင်ရာ လမ်းကြောင်းများကို ဖော်ပြထားပြီး၊ ၂၀၂၂ ခုနှစ် ပထမ ၃ လတာ ကာလပြီးနောက် အလုပ်အကိုင်အခြေအနေများကို အကဲဖြတ်ရန် ခန့်မှန်းချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအပေါ် အမှီသဟဲပြုထားပါသည်။ ဤရှင်းလင်းတင်ပြချက်တွင် အသုံးပြုထားသည့် အလုပ်အကိုင်ဆိုင်ရာ အဓိပ္ပါယ်သတ်မှတ်ချက်သည် မြန်မာနိုင်ငံ လုပ်သားအင်အား

[24] အိုင်အယ်(လ်)အို၊ *ကလေးအလုပ်သမားခိုင်းစေမှုဖြစ်ပေါ်စေသည့် အားနည်းချက်များ၊* ၂၀၂၂ ခုနှစ်။

[25] အိုင်အယ်(လ်)အို၊ *မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဆီသို့ ပြန်လည်ဦးတည်ရေးနှင့် အခြေခံအခွင့်အရေးများအား လေးစားလိုက်နာရေးဆိုင်ရာ ဆုံးဖြတ်ချက်၊* အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၊ ၁၀၉ ကြိမ်မြောက် အစည်းအဝေး၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်။

စစ်တမ်းတွင်လည်း အသုံးပြုထားသည့် ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများအပေါ် အခြေခံပါသည်။[26] ခန့်မှန်းချက်ဆိုင်ရာ နည်းစနစ် အသေးစိတ်ကို အောက်တွင် အနှစ်ချုပ်ဖော်ပြထားပါသည်။

ခန့်မှန်းချက်များသည် နိုင်ငံတစ်ဝှမ်းရှိ အခန်းကဏ္ဍအမျိုးမျိုးနှင့်သက်ဆိုင်သည့် ဆုတ်ယုတ်မှုများကို စိစစ်စိတ်ဖြာခြင်းအတွက် အသုံးပြုသည့် အချက် အလက်များမှ ဆင်းသက်လာပါသည်။ မြန်မာနိုင်ငံအတွက် တရားဝင် လုပ်သားအင်အားစစ်တမ်းအပေါ်အခြေခံလျက်၊ အလုပ်အကိုင်နှင့်စပ်လျဉ်း၍၊ ၂၀၂၀ ခုနှစ်၊ ပထမ ၃ လ ကာလအတွက် နောက်ဆုံးရ ပကတိအမှန်အချက်အလက်များ ရရှိနိုင်ပါသည်။ နိုင်ငံ၏ ပုံသေ အကျိုးသက်ရောက်မှုများ ပါရှိသော ဆုတ်ယုတ်မှုများကို မျဉ်းကြောင်းဖြင့် ဖော်ပြသည့် စတုရမ်းပုံနည်းစနစ် (OLS) သည် အိုင်အယ်(လ်)အို၏ ILOSTAT အချက်အလက်များတွင် ပြုစုထားသည့်အတိုင်း တရားဝင်လုပ်သားအင်အားနှင့် အိမ်ထောင်စုစစ်တမ်းများမှ ရရှိထားသော ၂၀၂၀ ခုနှစ်၊ ပထမ ၃ လပတ် ကာလမှ ၂၀၂၂ ခုနှစ်၊ ပထမ ၃ လပတ် ကာလအတွက် နိုင်ငံပေါင်း ၇၆ နိုင်ငံမှ အချက်အလက်များအပါအဝင်၊ ၃ လပတ် ကာလအလိုက် အခန်းကဏ္ဍအမျိုးမျိုးပါဝင်သော ဟန်ချက်မညီသည့် အချက်အလက်အစုအပေါ်တွင် ဆောင်ရွက်ပါသည်။[27] ၂၀၂၀ ခုနှစ်၊ ဒုတိယ ၃ လပတ်ကာလမှ ၂၀၂၂ ခုနှစ်၊ ဒုတိယ ၃ လပတ် ကာလအထိ၊ ယင်း ၃ လပတ်ကာလ တစ်ခုချင်းစီအတွက် မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခြေအနေများကို ခန့်မှန်းရန်အတွက် ဤဆုတ်ယုတ်မှုတွင် ခန့်မှန်းထားသည့် မြှောက်ဖော်ကိန်းများကို အသုံးပြုထားပါသည်။ အလုပ်အကိုင်အခြေအနေနှင့်စပ်လျဉ်း၍ နှစ်အလိုက်ခန့်မှန်းမှုများသည် ၃ လပတ် ကာလအလိုက် ခန့်မှန်းချက်များ၏ ရိုးရှင်းသည့် ပျမ်းမျှအနေအထားကို ယူဆောင်ခြင်းမှ ရရှိလာပါသည်။ ဆုတ်ယုတ်မှုများသည် အလုပ်အကိုင် အားလုံးပေါင်းနှင့် အမျိုးသမီးအလုပ်အကိုင်များကို ခန့်မှန်းရန် အသုံးပြုထားပါသည်။

ရှင်းလင်းချက် ကိန်းရှင်များအနေဖြင့် ဆုတ်ယုတ်မှုပုံစံတွင် အစိတ်အပိုင်း ၄ ခုပါဝင်ပါသည်။

- ဂူဂဲလ်တွင်ဖော်ပြထားသည့် ရွေ့လျားနိုင်မှု အစီရင်ခံစာများ (Google Mobility reports) မှ ပျမ်းမျှလုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်တစ်ခုချင်းသို့ ရွေ့လျားနိုင်မှုတို့ပါဝင်သော ရွေ့လျားနိုင်မှုဆိုင်ရာ အညွှန်းကိန်း[28]
- အောက်စဖို့တက္ကသိုလ်က ပြုစုထားသည့် ကိုဗစ် - ၁၉ ကပ်ရောဂါအပေါ် အစိုးရ၏ တုန့်ပြန်မှုခြေရာခံ အချက်အလက်များမှ ရယူထားသည့် အသွားအလာကန့်သတ်ပိတ်ပင်မှု အစီအမံများများ၏ တင်းကျပ်မှုဆိုင်ရာ အညွှန်းကိန်းတစ်ခုဖြစ်သည်။[29] ယင်းသည် လုပ်ငန်းခွင်နှင့် အများပြည်သူ သွားလာရေး ပိတ်ပင်ခြင်းများ၊ လူအစုအဝေးပြုလုပ်ခြင်းနှင့် ရွေ့လျားသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ၊ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များနှင့် အိမ်၌သာနေထိုင်ရမည်ဟူသော သတ်မှတ်ချက်များကဲ့သို့သော လူတို့၏အပြုအမူများကို ကန့်သတ်ထားသည့် မူဝါဒများ၏ တင်းကျပ်မှုကို ထင်ဟပ်ပြပါသည်။

[26] အလုပ်လုပ်ကိုင်သူများတွင် ရည်ညွှန်းထားသည့် ၇ ရက်တာကာလအတွင်း အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် ကုန်ပစ္စည်းများထုတ်လုပ်ရန် သို့မဟုတ် ဝန်ဆောင်မှုများလုပ်ဆောင်ရန်အတွက် လုပ်ဆောင်မှုတစ်ခုခုတွင် ပါဝင်လုပ်ဆောင်သည့် အသက် ၁၅ နှစ်နှင့် ယင်းနှင့်အထက်ရှိသူများ ပါဝင်သည်။ ၎င်းတို့တွင် လုပ်ငန်းခွင်တွင် အလုပ်လုပ်ကိုင်နေသူ (ဆိုလိုသည်မှာ ရည်ညွှန်းထားသည့် အချိန်ကာလအတွင်း အနည်းဆုံး အလုပ်ချိန်တစ်နာရီ လုပ်ကိုင်သူ) နှင့် အလုပ်မှ ယာယီ ပျက်ကွက်မှုကြောင့် သို့မဟုတ် အလုပ်ချိန်အစီအစဉ်များကြောင့် လုပ်ငန်းခွင်တွင် မရှိသော အလုပ်လုပ်ကိုင်သူများ (အဆိုင်းဖြင့် လုပ်သောအလုပ်၊ အလုပ်ဝင်ချိန်နှင့် အလုပ်ဆင်းချိန် လွှဲပြောင်းကာ စီမံထားသည့်စနစ်၊ အချိန်ပိုအလုပ်အတွက် အစားထိုးခွင့်ယူခြင်း စသည်တို့) ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ *လုပ်သားအင်အားစစ်တမ်းအစီရင်ခံစာ၊ ၂၀၁၅၊* ၂၀၁၆ ကို ကြည့်ပါ၊

[27] အိုင်အယ်(လ်)အို၊ ILOSTAT အချက်အလက်များ၊ https://ilostat.ilo.org/

[28] Google, COVID – 19 Community Mobility Reports, https://www.google.com/covid19/mobility/

[29] Oxford COVID-19 Government Response Tracker, https://www.bsg.ox.ac.uk/research/research-projects/covid-19-government-response-tracker.

ဤအညွှန်းကိန်းသည် ပထမ အစိတ်အပိုင်းတွင် ကိုင်စွဲဖော်ပြထားသည့် လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်တစ်ခုချင်းစီသို့ ရွေ့လျားနိုင်မှုတွင် ဖြစ်ပေါ်သည့် သတိပြုမိသော သက်ရောက်မှုများကို ကျော်လွန်လျက်၊ ဤကန့်သတ်ချက်များကြောင့် အလုပ်ချိန်နှင့် အလုပ်အကိုင်များအပေါ် နောက်ထပ်ဖြစ်ပေါ်နိုင်သည့် သက်ရောက်မှုများကို ထည့်တွက်ရန် စံသတ်မှတ်ထားသည့် မက်ထရစ်ကို ဖြည့်ဆည်းပေးပါသည်။ ဤကိန်းရှင်ပါဝင်မှုသည် ၂၀၂၀ ခုနှစ်အချိန်ကာလ လုပ်သားဈေးကွက် အခြေအနေနှင့် စစ်တပ်အာဏာလွှဲပြောင်းမယူမီ ကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအကျပ်အတည်းနှင့်ဆိုင်သည့် လှုပ်ရှားနိုင်မှုစွမ်းအားကို ခန့်မှန်းရာတွင်လည်း အရေးကြီးပါသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်သည့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကမ္ဘာ့စီးပွားရေးဆိုင်ရာ ခန့်မှန်းချက် အချက်အလက်များမှ ရယူထားသော စားသုံးသူကုန်ဈေးနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုရာခိုင်နှုန်းအနေဖြင့် တိုင်းတာသည့် ငွေကြေးဖောင်းပွမှု ဆိုင်ရာ အညွှန်းကိန်း၊[30]
- ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် ထုတ်ပြန်သည့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ကမ္ဘာ့စီးပွားရေးဆိုင်ရာ ခန့်မှန်းချက် အချက်အလက်များမှ ရယူထားသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ တင်သွင်းမှုပမာဏနှင့်စပ်လျဉ်း၍ နှစ်အလိုက်ရာခိုင်နှုန်းပြောင်းလဲမှုအနေဖြင့် တိုင်းတာသည့် ပြည်ပကုန်သွယ်မှုဝန်းကျင်ဆိုင်ရာ အညွှန်းကိန်း

ခန့်မှန်းထားသည့် မြှောက်ဖော်ကိန်းများသည် မျှော်မှန်းထားသည့်အတိုင်း ဖြစ်ပါသည် (ဇယား ၁)။ ရွေ့လျားနိုင်မှုသည် အလုပ်အကိုင်နှင့် ဆက်စပ်လျက် ရှိပါသည်။ တစ်နည်းအားဖြင့်၊ လူအများအနေဖြင့် ပို၍ ရွေ့လျားသွားလာမှုပြုနိုင်လေလေ၊ အလုပ်အကိုင်များတွင် အလုပ်သမားရေအတွက်ပမာဏ ပို၍ လုပ်ကိုင်နိုင်လေလေဖြစ်သည်။ ကျပ်တည်းမှုအညွှန်းကိန်းတွင် မျှော်မှန်းထားသည့် ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ သိသာထင်ရှားသော အနုတ် လက္ခဏာ ပေါင်းစပ်ပါဝင်လျက်ရှိပြီး၊ ဆုတ်ယုတ်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် အခြားရှင်းလင်းဖော်ပြချက် ကိန်းရှင်များအပေါ်တွင်အခြေအနေအရ သတ်မှတ်ပေးပါသည်။ ပြည်ပမှတင်သွင်းမှုပမာဏ မြင့်မားလာမှုသည် အပြုသဘောဆောင်လျက်၊ အလုပ်အကိုင်နှင့် ပေါင်းစပ်နေသော်လည်း၊ ငွေကြေးဖောင်းပွမှုနှုန်းသည် မျှော်လင့်ထားသည့်အတိုင်း ညီမျှခြင်းထဲသို့ အနုတ်လက္ခဏာဖြင့် ဝင်ရောက်လာပါသည်။[31]

**▶ ဇယား ၁။ မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခြေအနေများကို ခန့်မှန်းရန် အသုံးပြုသည့် နိုင်ငံတစ်ဝှမ်းရှိ အခန်းကဏ္ဍအမျိုးမျိုးနှင့်ဆိုင်သော ဆုတ်ယုတ်မှုများ၏ ရလဒ်များ**

| | စုစုပေါင်းအလုပ်အကိုင် | အမျိုးသမီးအလုပ်အကိုင် |
|---|---|---|
| **ရွေ့လျားနိုင်မှု (အခြေခံမျဉ်းနှင့်ဆက်စပ်သည့် ရာခိုင်နှုန်းပြောင်းလဲမှု)** | ၀.၀၀၂*** | ၀.၀၀၂*** |
| **အသွားအလာကန့်သတ်ပိတ်ပင်မှု အစီအမံများများ တင်းကျပ်မှု (အညွှန်းကိန်း)** | -၀.၀၀၁*** | -၀.၀၀၁*** |
| **ငွေကြေးဖောင်းပွမှုနှုန်း (နှစ်အလိုက် ရာခိုင်နှုန်းပြောင်းလဲမှု)** | -၀.၀၀၆** | -၀.၀၀၇** |

[30] IMF, World Economic Outlook April 2022 database, https://www.imf.org/en/Publications/WEO/weo-database/2022/April.

[31] နောက်ပိုင်းကိန်းရှင် မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခြေအနေကို ခန့်မှန်းရာတွင် အိုင်အယ်(လ်)အို၏ ယခင်အကဲဖြတ်ချက် ၂ ခုတွင် အသုံးပြုခဲ့သည့် ခန့်မှန်းချက်ဆိုင်ရာ ပုံစံ၏ အစိတ်အပိုင်းမဟုတ်ပါ။ ပြောင်းလဲနေသော အကြီးစားစီးပွားရေးလုပ်ငန်းအခြေအနေနှင့် မကြာသေးမီလများအတွင်း ဤအကြောင်းအချက်များနှင့် ပတ်သက်ပြီး တစ်ကမ္ဘာလုံးက အရေးတကြီးအလေးထားမှုမြင့်မားလာခြင်းတို့ကို ထည့်သွင်းစဉ်းစားလျက်၊ အလုပ်အကိုင်အပေါ် ဤအကြောင်းအချက်များ၏ သက်ရောက်မှုများကို ရှင်းလင်းတိကျစွာထင်ဟပ်စေရန် ဤကိန်းရှင်များကို ဤတတိယအကြိမ်အကဲဖြတ်ခြင်းအတွက် အသုံးပြုသည့် ခန့်မှန်းချက်ဆိုင်ရာ ပုံစံတွင် မိတ်ဆက်ပေးခဲ့ပါသည်။

| | | |
|---|---|---|
| **ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု တင်သွင်းမှု ပမာဏ (နှစ်အလိုက် ရာခိုင်နှုန်းပြောင်းလဲမှု)** | ၀.၀၀၂*** | ၀.၀၀၂*** |
| **နိုင်ငံ၏ ပုံသေအကျိုးသက်ရောက်မှုများ** | သက်ရောက်မှုရှိပါည်။ | သက်ရောက်မှုရှိပါသည်။ |
| **R2** | ၀.၃၉ | ၀.၄၀ |
| **လေ့လာမှုအရေအတွက်** | ၄၈၈ | ၄၈၅ |

မှတ်ချက်။ ***, ** နှင့် * တို့သည် ၁ ရာခိုင်နှုန်း၊ ၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းအဆင့်တို့တွင် ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ အရေးပါမှုကို ညွှန်ပြပါသည်။ R2 သည် ပုံစံက ရှင်းလင်းဖော်ပြထားသည့် အုပ်စုတွင်း ကွဲလွဲမှု ရှယ်ယာကို ညွှန်ပြပါသည်။

**ဆက်သွယ်ရန်**

**အာရှ - ပစိဖိတ်ဒေသဆိုင်ရာ အိုင်အယ်(လ်)အိုရုံး**
ကုလသမဂ္ဂ အဆောက်အဦ
ဘန်ကောက် ၁၀၂၀၀
ထိုင်းနိုင်ငံ

ဆက်သွယ်ရန်ဖုန်း - + ၆၆ ၂၂၈၈ ၁၂၃၄
အီးမေးလ် : BANGKOK@ilo.org
ဝက်(ဘ)ဆိုဒ် : www.ilo.org/asiapacific